လွစင်ကုန်းကျေးရွာ၊ ကျိုက်မရောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွစင်ကုန်းကျေးရွာ၊ ကျိုက်မရောမြို့နယ်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

လွစင်ကုန်း ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ကျိုက်မရောမြို့နယ် ၅

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၆

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၂

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၄

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၅

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၇
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေ ကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၅
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၅၈
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း ၆၄
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၆၅
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လွစင်ကုန်းကျေးရွာ ၊ ကျိုက်မရောမြို့နယ်

လွစင်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်မရောမြို့နယ်



ရည်ညွှန်း- လွစင်ကုန်းကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြမြေပုံ - လွစင်ကုန်းကျေးရွာ၊ လွစင်ကုန်းကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁-၃ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး

စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

လွှစင်ကုန်းကျေးရွာသည် မွန်ပြည်နယ်၊ ကျိုက်မရောမြို့၏ အရှေ့မြောက်(၂၂) မိုင်အကွာ၊ တရနာ-ဘုရားကုန်း (ချောင်းနှစ်ခွ) လမ်းနဘေးတွင်တည်ရှိပါသည်။ မြေပြန့်လွင်ပြင်များ၊ ကုန်းပြင်မြင့်များတည်ရှိပြီး: ပင်လယ်ရေမျက်နှာပြင်အထက် (၃၀)ပေအမြင့်တွင် တည်ရှိပါသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး (၁၀)နှစ်အတွင်း ဗျမ်းမျှတစ်နှစ်မိုးရွာရက် (၁၃၀)ရက်၊ မိုးရေချိန် (၁၉၇.၀၁) လက်မ ရွာသွန်းပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ အရှေ့ဘက်တွင် ဓမ္မသပ်ချောင်းနှင့် ကျိုင်းမြစ် တည်ရှိပါသည်။ ကုန်းပြင်မြင့်များတွင် ဂဝံကြောတည်ရှိပြီး ဂဝံများ ခုတ်ယူနိုင်သည်။ ကြွက်များ အလွန်ပေါများပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ

ကျေးရွာတွင် ဗမာ နှင့် မွန်လူမျိုးများ အများစု နေထိုင်ကြပါသည်။ အိမ်ထောင်စု(၇၂)စုရှိပြီး လူဦးရေစုစုပေါင်း(၅၁၂)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၇-၈)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်း လူဦးရေ၏ ၆၈.၂% တွင်ရှိပြီး အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေသည် ကွာခြားမှု မရှိလှပါ။ အသက် (၁၅) နှစ် အောက်နှင့်အသက်(၆၀)နှစ်အထက် မှီခိုသူဦးရေ ၃၁.၈% ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာရှိမိသားစုများသည် စပါး၊ ရော်ဘာ နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးထားကြပါသည်။ ဆင်းရဲသား ကျပန်းမိသားစုများသည် ပျိုးနုတ်ခြင်း၊ ခြံရှင်းခြင်း၊ ကျောက်တူးခြင်းနှင့် စပါးရိတ်ခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ တစ်ရက်လျှင် အမျိုးသားတစ်ဦးလျှင် ၃၅၀၀ ကျပ် မှ ၄၀၀၀ ကျပ် နှင့် အမျိုးသမီးတစ်ဦးလျှင် ၂၅၀၀ကျပ် မှ ၃၀၀၀ကျပ်ရရှိပါသည်။ ၁၀ ပေ ပတ်လည် ဂဝံ ကျောက်တစ်လုံးလျှင် ခုတ်ခ ၃၅ကျပ် ရရှိပါသည်။ ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၄၂)ရာခိုင်နှုန်းရှိ ပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၄၂%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့်အလွန်ဆင်းရဲသောသူများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏ ၁၀% သည် ၂.၅ဧက အောက်ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၃၃% သည် ၂.၅ဧကမှ ၅ဧကအထိပိုင်ဆိုင်ကြပြီး တောင်သူငယ်များဖြစ်ပါသည်။ အလယ်လတ်စားတောင်သူ ၄၁%ရှိပြီး အလယ်အလတ်နှင့် အဆင်ပြေသောမိသားစုများဖြစ်ကြပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သူ ၁၆% ရှိပြီး အဆင်ပြေသောမိသားစုများ ဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု

စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု (၃၀)ရှိသည့် အနက်(၆) အိမ်ထောင်စုမှာ ၃ လအောက်နှင့် (၄) အိမ်ထောင်စုသည် ၃လ နှင့် ၅လအထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၂၀) အိမ်ထောင်စုသည် အနည်းဆုံး ၆လစာ မပူမပင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး (၂၀၀၀၀)ကျပ် မှ (၂.၅) သိန်းထိ ချေးငှားကြ ရပါသည်။ ကျန်သောအချိန်များတွင် မိသားစုများသည် လုပ်အားခကြိုတင်ယူ၍သော်လည်းကောင်း၊ ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ စပါးဘဏ်မှ ထုတ်ချေး၍သော်လည်းကောင်း ဝမ်းစာဖြည့် တင်းကြရပါသည်။ ကျွန်ုပ်တို့ကျေးရွာရှိ ဆင်းရဲသားများသည် လယ်ယာကျပန်းလုပ်ငန်းများမှလွဲ၍ အခြားအလုပ်အကိုင်၊ အခွင့်အလမ်းများကို ရရှိရန် အတွက် လိုအပ်သောကျွမ်းကျင်မှုများ မရှိကြပါ။

ကျေးရွာရှိ ရိုးရောင်းသည် ကောနေခြင်းကြောင့် ရေသွင်းရေထုတ်ခက်ခဲပြီး ရေလွှမ်းမိုးခံရသည့်အတွက် စိုက်ပျိုးတောင်သူများ ထိခိုက်လွယ်မှုမြင့်မားပါသည်။ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခြင်း၊ သီးနှံများဖျက်ပိုးနှင့် ရောဂါများကျရောက်ခြင်း၊ ဈေးကွက်မတည်ငြိမ်မှုများကြောင့် ဆင်းရဲသားတောင်သူငယ်များနှင့် ကျပန်းမိသားစုများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာဖူလုံမှု မရှိပါ။ အချို့နှစ်များတွင် မိုးနှောင်းခေါင်ခြင်းကြောင့် သီးနှံခင်းပျက်စီးပြီး၊ ကျပန်းအလုပ်အကိုင်အခွင့်အလမ်းထိခိုက်စေသည်။ တဆင့်ခံ ရောင်းချသော နွားမှောင်ခိုဈေးကွက်တည်ငြိမ်မှုမရှိသောကြောင့် နွားဝယ်ယူရောင်းချသူများ ထိခိုက်လွယ်မှု မြင့်မားပါသည်။

အလုပ်လုပ်နိုင်သောလူဦးရေအများစုသည် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ခြင်းကြောင့် ကူးစက် ရောဂါ နှင့် မူးယစ်ဆေးစွဲခြင်းအန္တရာယ် ကြုံတွေ့နိုင်သည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ဆီချို/သွေးတိုးရောဂါသည် လူကြီးများတွင် အဖြစ်များနေကြပါသည်။ ကျန်မာရေးအသိပညာ သိရှိမှုအားနည်းမှုကြောင့် နေထိုင်စားသောက်မှု မမှန်ခြင်း တို့ကြောင့်ဖြစ်ပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၇.၂% သည် စာတတ်မြောက်မှုမရှိကြပါ။ ၂.၁% သည် ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှုအနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၂၉.၄%၊ အလယ်တန်းပညာ ပြီးဆုံးသူ ၅.၈%နှင့် ဘွဲ့ရရှိသူ ၀.၇% ရှိပါသည်။ ယခုအခါ အသက်(၅–၉)နှစ်အတွင်း လူဦးရေ (၄၃)ဦး ရှိသော်လည်း မူလတန်းပညာတက်ရောက်နေ သူ(၆၉)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၆၀.၅% ရှိသဖြင့် ကလေးများ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်းအဆင့်တွင်ပင် ရှိနေခြင်း၊ အချို့မှာအခြားဒေသမှ ရာသီအလိုက်ရွှေ့ပြောင်း လုပ်ကိုင်နေကြသော အိမ်ထောင်စုများမှဖြစ်ကြပြီး အသက်(၁၀-၁၄)နှစ်အတွင်း လူဦးရေ (၄၈) ဦး ရှိသော်လည်း တက်ရောက်နေသူ(၂၂)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၄၆%ရှိသဖြင့်အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်းအဆင့်တွင်ပင် ရှိနေကြပါသည်။

ကျေးရွာတွင် တစ်ပိုင်တစ်နိုင်ဝင်ငွေရလုပ်ငန်းအဖြစ် ပန်းပဲဖို၊ လက်သမား/ပန်းရံလုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ စက်ချုပ်ခြင်း၊ ဂဝံအုတ်ခုတ်ခြင်း၊ ယာဉ်မောင်းခြင်းတို့ဖြင့် ဝင်ငွေရှာဖွေသူများ ရှိပါသည်။ ဂဝံအုတ်ခုတ်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။

(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု

အမျိုးသမီးများသည် အမျိုးသားများနည်းတူ မိသားစုကိစ္စများ၊ လူမှုရေးကိစ္စများ၊ ကျေးရွာ၏ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် ပူးပေါင်း ပါဝင်ကြပါသည်။ လွှစင်ကုန်းကျေးရွာတွင် အမျိုးသား/အမျိုးသမီးတစ်ဦးလျှင် တစ်ရက်လုပ်အားခရရှိငွေ အနည်းငယ်ကွာခြားမှု ရှိပါသည်။ကျေးရွာ၏ စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေပိုမိုများပြားပါသည်။ မူလတန်းအဆင့်တွင် အမျိုးသားများ ပညာသင်ကြားမှုများပြားပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

လွှစင်ကုန်းကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် အားနည်းသည်ဟု ယေဘုယျ အားဖြင့် သုံးသပ်နိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ကိုင်နိုင်သော အလုပ်လုပ်နိုင်သည့် အရွယ် နည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ်အများစုသည် ထိုင်းနိုင်ငံတွင် သွားရောက် လုပ်ကိုင်ကြသည့်အတွက် ကျေးရွာတွင် သက်ကြီးရွယ်အို အများစုမှာ နိုင်ငံခြားမှပို့သောငွေဖြင့် မြေးများကို ထိန်းသိမ်း စောင့်ရှောက်နေကြပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လယ် ၂၁၅၈က၊ ဥယျာဉ်ခြံ နှင့် ရော် ဘာ ၁၂၈၈က ရှိပါသည်။ အများစုသည် မျိုးကောင်း/သန့် ရော်ဘာများ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေအား ကျိုင်းမြစ်နှင့် ဓမ္မသပ်ချောင်းတို့မှ ရေစုပ်စက်များဖြင့်သွင်းယူကြပါသည်။ ဓမ္မသပ်ချောင်းနှင့်ဆက်သွယ်နေသော ရိုးချောင်းသည် ကောနေခြင်းကြောင့် ရေသွင်းရေထုတ်ခက်ခဲပြီး ရေလွှမ်းမိုးခြင်းနှင့် အောင်ရေမရခြင်းများကို ကြုံတွေ့နေရပါသည်။ လယ်ပိုင်ရှင်များ နိုင်ငံခြားသို့သွားရောက်ခြင်းကြောင့် လယ်မြေအားလုံး မစိုက်ပျိုးနိုင်ကြပါ။ လယ်၊ ခြံလုပ်ငန်းများတွင် လုပ်ဆောင်ရန်အတွက် အလုပ်သမားခေါ် ရန်ခက် ခဲခြင်း လုပ်အားခ ပိုဆောင်းပေး၍ ကြိုတင်ငှားရခြင်း၊ အခြားနယ်များမှ အလုပ်သမားများ ခေါ်ယူ အသုံးပြုရခြင်းနှင့် လုပ်အားခဈေးကြီးခြင်းတို့နှင့် ရင်ဆိုင်နေကြရပါသည်။ ထိုပြင်လယ်များတွင် ကြွက်များ ဆိုးဝါးစွာ ကျရောက် လျှက် ရှိပါသည်။

လွှစင်ကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူမရှိပါ။ ကြက်၊ နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဘဲ စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင် အနည်းငယ်မွေးမြူကြပါသည်။ ကြက်ကို ပုံမှန်ရောင်းချနိုင်သော်လည်း ဝက်၊ ဆိတ်များကိုမူ သာရေး၊ နာရေးကိစ္စများတွင်သာ ရောင်းချရ ပါသည်။ နွားကို ခိုင်းစေရန် နှင့် ရောင်းချရန် မွေးမြူကြပါသည်။ စားကျက်သီးသန့် မရှိသော်လည်း လယ်/ခြံပိုင်ရှင်များ၏လယ်/ခြံများကို ငှားရမ်း၍ ကျောင်းကြပါသည်။ ကြက်နာရောဂါ ၊ ဆိတ်နှင့်နွားရောဂါ၊ ဝက်နာရောဂါများ နှစ်စဉ်ဖြစ်ပွားလျှက်ရှိပါသည်။ တိရစ္ဆာန်မွေးမြူရေး နှင့်ပတ်သက်သော ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ တိမွေး/ကုဉီးစီးဌာနနှင့် ဆက်သွယ်ဆောင် ရွက်မှု အားနည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာရှိမိသားစုများသည် အင်ဖက်ပစ်ခြင်း၊ ပန်းပဲဖို၊ လက်သမား/ပန်းရံလုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ စက်ချုပ်ခြင်း စသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် အများစုသည် ထိုင်းနိုင်ငံစက်ရုံများတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင်းရှိ သဘာဝမြေဩဇာများသုံးစွဲမှုနည်းပါးပြီးခါတုမြေဩဇာများကို အဆက်မပြတ်သုံးစွဲကြခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲခြင်း မရှိကြပါ။ ကျေးရွာသူရွာသားများသည် အမှိုက်သရိုက်များကို နွေရာသီတွင်မီးရှို့ခြင်း၊ ရိုးချောင်းများအတွင်းသို့ အမှိုက်များပစ်ချခြင်းတို့ ပြုလုပ်ကြပါသည်။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ယူအင်ဒီပီစီမံကိန်းမှ အသက်မွေးဝမ်းကျောင်းရန်ပုံငွေပံ့ပိုးမှု၊ စပါးဘဏ်ပံ့ပိုးမှုများရှိခဲ့သဖြင့် ယခုအခါကျေးရွာရန်ပုံငွေအဖြစ် ဆက်လက် ချေးပေးနေပါသည်။ သို့ဖြစ်၍ ကျေးရွာသူရွာသားများသည် အလွယ်တကူချေးယူနိုင်ခြင်း၊ အတိုးနှုန်းသက်သာခြင်းတို့ကြောင့် မြေယာမဲ့များ၊ ဆင်းရဲသား တောင်သူငယ်များအတွက် အားထားရသော နေရာတစ်ခုလည်းဖြစ်ပါသည်။ သို့ရာတွင် ရန်ပုံငွေပမာဏနည်းပါးခြင်းကြောင့် ချေးငွေကိုလိုအပ်သောပမာဏ မရရှိနိုင်ပါ။ လိုအပ်သော ငွေကြေးကို ဆွေမျိုးများနှင့်ရွှေဆိုင်များ တွင် ပစ္စည်း အပေါင်ထား၍ ချေးယူရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းတည်ရှိပြီး တပည့်၊ဆရာအချို့(၁၁)ဖြင့် သင်ကြားလျှက်ရှိပါသည်။ အခြေခံပညာ မူလတန်းကျောင်းတွင် ပညာရေးဌာနမှကျောင်းသုံး ပုံနှိပ်မှုများကိုအလုံအလောက်ပံ့ပိုးထားပါသည်။ လွှစင်ကုန်းကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ အရန်သားဖွားဆရာမ တစ်ဦးရှိပါသည်။ လွှစင်ကုန်းရွာနှင့် (၁.၆)ကီလိုမီတာ အကွာရှိ အလှပ်ကုန်ကုန်းရွာတွင် သားဖွားဆရာမတစ်ဦးရှိ ပါသည်။ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များမီးဖွားလျှင် အလှပ်ကုန်းရွာရှိ သားဖွားဆရာမနှင့် ကျေးရွာရှိအရန်သားဖွားဆရာမတို့မှ ဆောင်ရွက်ပေးပါသည်။ မီးဖွားရခက်ခဲသောမိခင်များနှင့် အရေးပေါ်လူနာများမှာ (၁၁.၂)ကီလိုမီတာအကွာရှိ တရနာကျေးရွာဆေးပေးခန်းများတွင် ကုသမှုခံယူကြပါသည်။ ရောဂါပြင်းထန်မှုများရှိပါက မော်လမြိုင်မြို့ရှိ ဆေးခန်း၊ ဆေးရုံကြီးများတွင် ကုသမှုခံယူကြပါသည်။

ကျေးရွာရှိရေတွင်း (၄)တွင်းသည် တစ်နှစ်ပတ်လုံး ရေရရှိပြီးကျန်ရေတွင်းများမှ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ကျေးရွာတွင်း၌ ရေရှားပါးမှုများဖြစ်ပေါ်ပါသည်။ ကျေးရွာတွင်း၌ ရေမရရှိတော့ ပါ က လယ်ထဲရှိ တွင်းများတွင် သွားရောက်ခပ်ယူကြရပါသည်။ သောက်သုံးရေအားတွင်းရေမှ အဓိကအသုံးပြုကြပါသည်။ ကျေးရွာရှိ အချို့အိမ်ထောင်စုများသည် အခြားအိမ်ထောင်စုများနှင့် တွဲဖက်၍ ယင်လုံအိမ်သာများကို အသုံးပြုကြပါသည်။ အချို့က တောထိုင်သည့် အိမ်များရှိပါသည်။

(ဆ) လူငယ် နှင့် ယဉ်ကျေးမှု

ကျေးရွာတွင်း၌ဘောလုံးကွင်းရှိသည့်အတွက် လူငယ်များအားလပ်ချိန်များတွင် ကိုယ်ကာယကြံ့ခိုင်စေရန်နှင့် စိတ်ပင်ပန်းမှုလျော့ကျစေရန်အတွက် အပျော်တမ်းဘောလုံးကစားခြင်း၊ ခြင်းခတ်ခြင်းများပြုလုပ်ကြပါသည်။ ကျေးရွာရှိလူငယ်အများစုသည် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်မှုများခြင်းကြောင့် ကျေးရွာတွင်လူငယ်အနည်းငယ်သာရှိပါသည်။ လူငယ်အဖွဲ့သီးသန့်မရှိပါ။ ကျေးရွာရှိစာကြည့်တိုက်မှာ ဟောင်းနွမ်းနေပြီး စာဖတ်သူ၊ ထိန်းသိမ်းမည့်သူများမရှိပါ။ ကျေးရွာရှိလူငယ်အများစုသည် အင်တာနက်များဖြင့်သာ အချိန်ကုန်နေကြပါသည်။

(၉) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)

လွှစင်ကုန်းကျေးရွာမှ အခြားကျေးရွာများသို့ ထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် တစ်နှစ် ပတ်လုံး ကားလမ်းဖြင့် သွားလာနိုင်ပါသည်။ အမ်ပီတီ၊ အူရီဒူး၊ တယ်လီနောနှင့် ထိုင်းဖုန်းကဒ်များကို အသုံးပြုကြပါသည်။ ကျေးရွာမီးလင်းရေးအတွက် ကျေးရွာရှိအသက်မွေးဝမ်းကြောင်းကော်မတီမှ ရရှိလာသောအမြတ်ငွေများဖြင့် မြင်းကောင်ရေ(၁၀)ကောင်အား ဒီဇယ်မီးစက်ကိုဝယ်ယူပြီးအိမ်ခြေ(၄၀)အိမ်ထောင်စုအား မီးလင်းရေးကို ဆောင်ရွက်ထားပါသည်။ နိုင်ငံခြားရောက်နေသောသား/သမီးများနှင့်ဆက်သွယ်လိုပါက ဆက်သွယ်ရေးလိုင်းများ ကောင်းမွန် လာသည့် အတွက် Viber, Line, Facebookတို့မှ တဆင့် အလွယ်တကူ ဆက်သွယ်ပြောဆိုလာနိုင်ပါသည်။

(စျ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး

အခြားဒေသမှအလုပ်သမားများလာရောက် လုပ်ကိုင်မှုများရှိပြီး ကျေးရွာတွင်း၌ဆိုင်ကယ်နှင့်ကြက်များအား အနည်းငယ်ခိုးယူမှုများရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိက အချက်များဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန်အရေးကြီးပါသည်။ ကျေးရွာ၏လက်ရှိအခြေအနေ၊ ရင်ဆိုင်နေရသောအခက်အခဲနှင့် စိန်ခေါ်မှုများမှသည် ရရှိလိုသည့် အခြေအနေသို့ရောက်ရှိရန် ကြောင်းကျိုးဆက်စပ် ဖော်ဆောင်လုပ်ကိုင်ရပါမည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ချေးငွေနှင့်ပတ်သက်သော လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်နေသော ငွေကြေးဆိုင်ရာအဖွဲ့အစည်းများရှိခြင်း။ သီးနှံစိုက်ပျိုးရန် မြေနေရာများရှိခြင်း၊ စိုက်ပျိုးရေရရှိနိုင်ခြင်း၊ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ ထွက်ကုန်များ ရောင်းချနိုင်ခြင်း။ နွားမှောင်ခိုစျေးကွက်ရှိခြင်း၊ လယ်မြေများကိုစားကျက်မြေအဖြစ် ကာလအပိုင်းအခြားအလိုက် ရောင်းချနိုင်ခြင်း။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာများကို အလွယ်တကူလေ့လာသင်ယူ နိုင်ခြင်း။ ရေတွင်းတူးဖော်ခြင်းဖြင့် ရေချိုကို ရရှိနိုင်သည့် အရင်းအမြစ်ရှိခြင်း။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

လွှစင်ကုန်းကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများသည် လုပ်ငန်းလုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု အားနည်းခြင်း။ လယ်ယာလုပ်ငန်း နှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည်နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်း။

စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု အားနည်းခြင်း၊ ကုန်ချောထုတ်လုပ်မှုအရည် အသွေးနိမ့်ကျခြင်းတို့ကြောင့် အကျိုးအမြတ်နည်းခြင်း ကူးစက်မှုဖြစ်ပွားခြင်း

နွားမောင်ခိုရောင်းချသူများသည် ဈေးကွက်မတည်ငြိမ်ခြင်း၊ စားကျက်ရှားပါးခြင်းနှင့် ငှားရမ်းခ ဈေးကြီးခြင်းတို့နှင့်တွေ့ကြုံရပါသည်။ ကလေးငယ်များသည် မိဘများနှင့်သီးခြား နေထိုင်ရခြင်း၊ ရင်အုပ်မကွာစောင့်ရှောက်မှုကို မခံစားရသောကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာ ရမှုများ ရရှိစေခြင်း။ ရာဘာဈေးနှုန်း မတည်ငြိမ်ဘဲ ကျဆင်းနေခြင်း။ မူးယစ်ဆေးဝါးလွယ်ကူစွာ ဝယ်ယူရရှိနိုင်ခြင်းကြောင် ဆေးစွဲမှုကိုကြီးထွားစေခြင်း။

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် မြို့နယ်အဆင့်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အကူ အညီဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲသည့်လုပ်ငန်းကိုဆောင်ရွက်ခဲ့ပြီး နောင်ငါးနှစ်အ တွင်းလုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအ တိုင်းချမှတ်ခဲ့ပါသည်-

(၁) စိုက်ပျိုးမွေမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ပြီး ကျေးရွာရှိ မိသားစုများ၏ ဝင်ငွေတိုးတက်လာရေး။

(၂) လူသားစွမ်းရည်ဖွံ့ဖြိုးလာစေပြီးအစုအဖွဲ့ဖြင့် ောင်ရွက်သည့်လူထုအခြေပြုအဖွဲ့အ စည်းများထွန်းကားလာစေရေး။

(၃) ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှုတိုးတက်လာပြီး ကျေးရွာလူထု ၏ လူမှုဘဝအဆင့် အတန်း ပိုမိုတိုးတက်လာ စေရေး တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ အောက်ဖော်ပြပါ အကောင်အထည် ဖော်ရေးနည်း ဗျူဟာများကို ကျင့်သုံး ဆောင်ရွက်သွားပါမည်။

(၁) တောင်သူများဝင်ငွေ တိုးတက်လာစေရန်အတွက် ဈေးကွက်ကောင်းသည့် နှစ်ရှည် ပင်များ (ကြက်မောက်၊ ကျဲကော၊ မင်းကွတ်)တို့ကို စိုက်ပျိုးရေး နည်းပညာ ဝန်ဆောင်မှုနှင့် မျိုးကောင်: မျိုးသန့်များ လွယ်ကူစွာရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုး ရေးဦးစီးဌာနများ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် ။

(၂) ရေတံခါးများ၊ တူးမြောင်းများနှင့် ချောင်းရေတင်စံနစ်များ တည်ဆောက်ပြုပြင်၍ မိုးနှောင်း နှင့် နွေသီးနှံများစိုက်ပျိုးခြင်း(နွေနှမ်း၊ ရေသွင်းပဲတီစိမ်း)။

(၃) စိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့် ဆက်သွယ်၍ စက်ယန္တယားများသုံးပြီး မစိုက်ဖြစ် သော မြေများတွင် ဈေးကွက်ဝင်သီးနှံများ (ဈေးကောင်းရ ပြည်ပပို့ကုန်များဖြစ်သော ပဲတီစိမ်း၊ မတ်ပဲ) တို့ကို အကျိုးတူ စိုက်ပျိုးခြင်း။

(၄) မစိုက်ဖြစ်သောလယ်မြေများ အမြောက်အများရှိသဖြင့် နွား၊ ဆိတ်၊ ကြက်တို့ကို မွေးမြူရေး နည်းပညာများ ရယူသုံးစွဲ၍ စံနစ်တကျ မွေးမြူရန်။

(၅) ပညာရေးဆိုင်ရာ အဆောက်အဦများနှင့်ပစ္စည်းများဖြည့်ဆီးခြင်း၊ မိဘဆရာအသင်း၊ ကျောင်း အကျိုးတော်ဆောင် ကော်မတီများ တက်ကြွစွာပါဝင်၍ ကျောင်းနေပျော်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးသည့် ကလေးများ ဖြစ်စေရန်။

(၆) ကျန်းမာရေးဆိုင်ရာ အဆောက်အဦ နှင့် ကိရိယာများ ဖြည့်ဆီးခြင်း နှင့် ကျန်းမာရေး အသိဖြင့် နေထိုင်တတ်ရန် ဝန်ဆောင်မှုပေးခြင်း။

(၇) ကျေးရွာရှိ တက်ကြွသောရွာသူရွာသားများနှင့် ပညာတတ်လူငယ်များအား ခေါင်း ဆောင်မှုသင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ အစုအဖွဲ့ဆိုင်ရာသင်တန်းများတက် ရောက်စေပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါ ဝင်လုပ်ကိုင်စေခြင်းဖြင့် အနာဂတ် ခေါင်းဆောင်လောင်းများ လေ့ကျင့်ပျိုးထောင် ပေးရန်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သောပြဿနာများအတွက် နိုင်ငံတော် အဆင့်မှမူဝဒဆိုင်ရာ အရေးထားဆောင်ရွက်မှု နှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။ ဤမူဝါဒဆိုင်ရာနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများသည် ကျေးရွာအချို့၏ လိုအပ် ချက်အတွက်သာ ကွက်၍သက်ရောက်စေခြင်းမဟုတ်ဘဲ၊ နိုင်ငံတစ်နံတစ်လျားသို့ သက်ရောက် စေသ ကဲ့သို့တိုင်းပြည်၏ ရေမြေရာသီကွဲပြားခြားနားသည့်ဒေသများ၏ သီးသီးသန့်သန့်လိုအပ်ချက် များကိုလည်း သက် ရောက်စေပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံ ချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိမ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုတ်နှံရန်ချေးငွေသည် အရေးကြီးပါသည်။ စိုက်ပျိုးသောသီးနှံများအတွက် ချေးငွေရရှိရန် အဆင်ပြေသောအစီအစဉ်ဖြင့် ချိတ်ဆက် ဆောင်ရွက်ပေးရပါမည်။ ထို့ပြင်ပုဂ္ဂလိကကဏ္ဍမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ် ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် စျေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ စျေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍စျေးကွက်ဖေါ်ဆောင် ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် တင်ပြချိတ်ဆက်ရပါမည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများ အလိုက်ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့ အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များ အလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ် ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တနိုင်တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မား လာစေမည် ဖြစ်ပါသည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကိုလုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့် အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင် ရောက်ရှိရေးအတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်

အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက် တွင်(ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင် သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည် ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ပွားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ် ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၈) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစားပေး ရမှတ်	ဦးစားပေး အဆင့်	စီမံကိန်းအခွင့်အလမ်းနှင့် ဖော်ပြချက်
၁။	စီမံအုပ်ချုပ်မှုစနစ်	ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များဖွံ့ဖြိုးတိုးတက လာအောင် ဆောင်ရွက်ခြင်း။	၃၂	၉	• ကျေးရွာလုံးဆိုင်ရာကိစ္စ များအတွက် ရပ်မိရပ်ဖ/ ဘုန်းတော်ကြီးတို့မှ စည်းရုံးလှုံ့ဆော်ခြင်း၊ • လက်ရှိကျေးရွာလူထု အခြေ ပြုအဖွဲ့များ ခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်ခြင်း • ရပ်ရွာ၏ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သိရှိစေခြင်း၊ • အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို ကြိုဆိုအားပေးခြင်း၊
၂။	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ၊ ဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း နှင့် ရာဘာစျေး ကွက် ဖွံ့ဖြိုးရေး အတွက် မူဝါဒဆိုင်ရာနှင့်လုပ်ငန်းဆိုင်ရာပံ့ပိုးမှု များအတွက်မြို့နယ်နှင့် အထက်ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းသို့ ရောက်ရှိရန်ဆောင်ရွက်ခြင်း။	၄၄	၆	• စိုက်ပျိုးရေးနည်းပညာ၊ ဝန်ဆောင်မှုများ လက်လှမ်းမှီရေး ➢ လက်မှုလယ်ယာမှ စက်မှု လယ်ယာသို့ ပြောင်းလဲ သုံးစွဲခြင်း။ • ရာဘာစျေးကွက်ဖွံ့ဖြိုးရေးအတွက်မူဝါဒများ၊ စီမံကိန်းများ ချမှတ် အကောင်ထည်ဖော် ခြင်း ➢ နည်းပညာဝန်ဆောင် မှုများ ➢ ငွေကြေးဝန်ဆောင်မှု ➢ မူဝါဒဆိုင်ရာအကူအညီများ
		ကောင်းမွန်သော ရေသွင်းရေထုတ် စနစ်တစ်ခုဆောင်ရွက်ခြင်း။	၇၉	၁	• ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ➢ ရိုးချောင်းတူးဖော်ခြင်း ➢ ရေထိန်းတံခါးတည် ဆောက်ခြင်း၊
၃။	မွေးမြူရေး	တိရစ္ဆာန်မွေးမြူရေး နှင့် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ နည်းပညာ	၆၆	၄	• မွေးမြူရေးနည်းပညာ နှင့် ဝန်ဆောင်မှုများ လက် လှမ်းမှီအောင် ဆောင်ရွက်ရေး

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစား ပေး ရမှတ်	ဦးစား ပေး အဆင့်	စီမံကိန်းအခွင့်အလမ်းနှင့် ဖော်ပြချက်
		ဝန်ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်း။			
		မွေးမြူရေးချေးငွေလက်လှမ်း မီရေးဆောင်ရွက်ခြင်း။	၅၀	၅	• နွားမွေးမြူရေးလုပ်ကိုင်လိုသူများအား မွေးမြူ ရေးချေးငွေ လက်လှမ်းမှီရေးဆောင်ရွက်ခြင်း
၄။	ပညာရေး	ပြည့်စုံကောင်းမွန်သော ပညာသင်ကြားမှု နှင့် ဝန်ဆောင်မှုများအား ရရှိခံစားစေခြင်း	၇၁	၃	• ပညာရေးဌာနနှင့်ချိတ် ဆက်၍ ➢ ကလေးများပညာဆက်လက်သင်ယူနိုင်ရန် မိဘများအား စည်းရုံးလှုံဆော်ခြင်း။ ➢ စာဖတ်သည့်အလေ့အ ကျင့်ကို ငယ်စဉ်ကပင် လေ့ကျင့် ပညာပေးခြင်း ➢ ဘွဲ့ရပညာတတ်များ အတွက်လုပ်ငန်းအခွင့် အလမ်းများ ရှာဖွေခြင်း။ ➢ အလယ်တန်း၊ အထက် တန်းပညာရေးအဆင် ပြေစွာ သင်ကြားနိုင် မည့် အခြေနေကောင်းများ ဖန်တီးရန်။ ➢ ကျောင်းအဆောက်အဦးများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း
၅။	ကျန်းမာရေး	ကျေးလက်လူထုအတွက် ကျန်းမာရေးဝန်ဆောင်မှုများ၊ အသိပညာများ တိုးတက်ရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း	၃၅	၁	• ကျန်းမာရေးဌာန နှင့် ချိတ်ဆက်၍ ➢ ကျန်းမာရေးအသိပညာပေးခြင်း ➢ လူမှုရေးရန်ပုံငွေနှင့် ကျန်းမာရေးအကျိုးတော်ဆောင် အဖွဲ့များ တည် ထောင်ခြင်း ➢ မူလတန်းကျောင်းများတွင် ကျောင်းကျန်းမာရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစား ပေး ရမှတ်	ဦးစား ပေး အဆင့်	စီမံကိန်းအခွင့်အလမ်းနှင့် ဖော်ပြချက်	
၆။	စိုက်ပျိုးရေး/မွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ	ပြည်တွင်းပြည်ပ ဖြန့်ဖြူးနိုင်သော ဒေသထွက်ကုန်များ အခြေခံသော တန်ဘိုးမြှင့် ကုန်ချောထုတ်လုပ်ခြင်း နှင့် ရောင်းဝယ်ခြင်း။	၄၃	၇	• လူငယ်လူရွယ်များအတွက် ➢ အလုပ်အကိုင်။ အခွင့်အလမ်းများရရှိ အောင် ဖော်ဆောင်ခြင်း။ ➢ လူငယ်လူရွယ်များအား စွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးခြင်း ➢ လုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းများ ပံ့ပိုးပေးခြင်း၊ ➢ ချေးငွေရရှိနိုင်သော နေရာများနှင့်ချိတ်ဆက် ခြင်း ➢ ဒေသထွက်ကုန်များ အခြေခံသော ကုန်ချောထုတ်လုပ်မှု နှင့် ရောင်းဝယ်မှုများအတွက် အထောက် ကူ ပြုမည့် အခြေနေ ကောင်းများ တိုးတက် အောင်ဆောင်ရွက်ပေးခြင်း။	
၇။	လမ်းပန်းဆက်သွယ် ရေး	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ၍ ရွာတွင်းလမ်းများ ကောင်းမွန် အောင်ဆောင်ရွက်ခြင်း။	၇၄	၂	• ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်၍ ➢ တံတားဟောင်း ပြုပြင်ခြင်း ➢ ရေပြွန်ခေါင်းများ ပြုလုပ်ခြင်း	ကျေး လက်
၈။	လူငယ် နှင့်ယဉ်ကျေးမှု	လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးအစီအစဉ်များဆောင် ရွက်ခြင်း	၆၆	၄	• သက်ဆိုင်ရာဌာနဆိုင်ရာများ နှင့် ချိတ်ဆက် ၍ ➢ ဥပဒေအတိုင်း ဆောင်ရွက်ခြင်း။ ➢ မူးယစ်ဆေးဝါးဆန့် ကျင်ရေးနှင့်ပတ်သက်သော စည်းရုံးလှုံဆော် မှုများ ပြုလုပ်ခြင်း။	
၉။	ရေကောင်းရေသန့်ရရှိ ရေး	တစ်နှစ်ပတ်လုံး စိတ်ချ ရသော သောက်ရေ ရရှိ ရေး လုပ်ငန်းပြုလုပ် ခြင်း	၇၄	၂	• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ➢ စက်ရေတွင်းတူးဖော် ခြင်း	ကျေး လက်

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကောင်းမွန်သော ရေသွင်းရေထုတ် စနစ်တစ်ခုဆောင်ရွက်ခြင်း။	၁	Â				
၂	ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း	၂	Â				
၃	တစ်နှစ်ပတ်လုံး စိတ်ချ ရသော သောက် ရေရရှိရေးလုပ်ငန်းပြုလုပ်ခြင်း	၂	Â				
၄	ပြည့်စုံကောင်းမွန်သော ပညာသင်ကြားမှု နှင့် ဝန်ဆောင်မှုများအားရရှိခံစားစေခြင်း	၃		Â			
၅	လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် ကာ ကွယ်ရေးအစီအစဉ်များဆောင်ရွက်ခြင်း	၄	Â	Â	Â	Â	Â
၆	တိရစ္ဆာန်မွေးမြူရေး နှင့် ကာကွယ် စောင့်ရှောက်မှု ဆိုင်ရာ နည်းပညာဝန် ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်း	၄		Â			
	မွေးမြူ ရေးချေးငွေလက်လှမ်းမီရေး ဆောင်ရွက်ခြင်း	၅	Â				
၇	စိုက်ပျိုးရေးနည်းပညာ၊ ဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်းနှင့် ရာဘာ စျေးကွက် ဖွံ့ဖြိုးရေးအတွက်မူဝါဒများ၊ စီမံကိန်း များ ချမှတ် အကောင်ထည်ဖော် ခြင်း	၆	Â	Â			
၈	စက်ရုံအလုပ်ရုံများတည်ဆောက် နိုင်ပြီး အလုပ်အကိုင်၊ အခွင့်အလန်းများရရှိ အောင်ဆောင်ရွက်ခြင်းပြည်တွင်းပြည်ပ ဖြန့်ဖြူးနိုင်သောဒေသထွက်ကုန်များ အခြေခံသော တန်ဘိုးမြှင့် ကုန်ချော ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ် ခြင်း	၇		Â			
၉	ကျေးလက်လူထုအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ၊ အသိပညာများတိုး တက်ရေးအစီအစဉ်များ ရေးဆွဲ ဆောင် ရွက်ရန်	၈	Â	Â	Â	Â	Â

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁၀	ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များဖွံ့ဖြိုးတိုးတက် လာအောင် ဆောင်ရွက်ခြင်း။	၉	Â				

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကိုထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံး ငွေရင်း	စွမ်းဆောင် ရည် မြှင့်တင်ရေး	
၁	ကောင်းမွန်သော ရေသွင်း ရေထုတ်စနစ်တစ်ခုဆောင် ရွက်ခြင်း။					
၂	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ရွာတွင်း လမ်းများ ကောင်းမွန်အောင်ဆောင် ရွက်ခြင်း					
၃	တစ်နှစ်ပတ်လုံး စိတ်ချ ရသော သောက်ရေရရှိရေးလုပ်ငန်း ပြုလုပ်ခြင်း					
၄	ပြည့်စုံကောင်းမွန်သော ပညာသင်ကြားမှု နှင့် ဝန်ဆောင်မှုများအား ရရှိ ခံစားစေခြင်း					
၅	လူငယ်များ မူးယစ်ဆေးဝါး အန္တရာယ် ကာ ကွယ်ရေး အစီအ စဉ်များဆောင်ရွက်ခြင်း					
	တိရစ္ဆာန်မွေးမြူရေးနှင့် ကာကွယ် စောင့်ရှောက်မှု					

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၆	ဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်း					
	မွေးမြူ ရေးချေးငွေ လက်လှမ်းမီရေး ဆောင်ရွက်ခြင်း					
၇	စိုက်ပျိုးရေးနည်းပညာ၊ ဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်းနှင့် ရာဘာစျေးကွက် ဖွံ့ဖြိုးရေးအတွက်မူဝါဒများ၊ စီမံကိန်း များ ချမှတ် အကောင်ထည်ဖော် ခြင်း					
၈	စက်ရုံအလုပ်ရုံများတည် ဆောက် နိုင်ပြီးအလုပ်အ ကိုင်၊ အခွင့်အလန်းများရရှိ အောင်ဆောင်ရွက် ခြင်း ပြည်တွင်းပြည်ပဖြန့်ဖြူးနိုင် သော ဒေသထွက်ကုန်များ အခြေခံသော တန်ဘိုးမြှင့် ကုန်ချောထုတ်လုပ် ခြင်းနှင့် ရောင်းဝယ် ခြင်း					
၉	ကျေးလက်လူထုအတွက် ကျန်းမာရေး ဝန်ဆောင်မှု များ၊ အသိပညာများ တိုး တက်ရေးအစီအစဉ်များ ရေးဆွဲ ဆောင်ရွက်ရန်					
၁၀	ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များဖွံ့ဖြိုးတိုး တက် လာအောင် ဆောင်ရွက် ခြင်း။					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့် သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

လွှစင်ကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင်တိုး တက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက် ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက် အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက် မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ သည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်

ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေ ရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၆	၁	၇	၁.၄	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၁၂	၁၉	၃၁	၆.၀	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၆	၁၇	၄၃	၈.၄	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၂၆	၂၂	၄၈	၉.၄	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၇၇	၁၇၂	၃၄၉	၆၈.၂	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၉	၁၅	၃၄	၆.၆	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၂၆၆**	**၂၄၆**	**၅၁၂**		
စုစုပေါင်း အိမ်ထောင်စု			**၇၂**		
ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား			**၇-၈**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဗမာ နှင့် မွန်လူမျိုးများ အများစုနေထိုင်ကြပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၈.၂%တွင်ရှိပြီး အများစုမှာ ရာသီအလိုက်သာ ရရှိနိုင်သော လယ်ယာလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ကြပါသည်။ အသက်(၁၄)နှစ်အောက် နှင့် အသက်(၆၀)အထက် မှီခိုသူဦးရေ ၃၁.၈%ရှိပြီ: အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ (၇–၈)ဦးရှိပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	*စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၃၈	၅၂.၈	၃	လယ်(၃၆)၊ ဥယျာဉ်ခြံ(၂)
၂	*တိရစ္ဆာန် မွေးမြူရေး*				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၁	၁.၄%	၂	ဆိတ်မွေးမြူခြင်း ဆိတ်အငှားကျောင်းခြင်း

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		တွဲဖက်အလုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၃	*ငါးဖမ်း လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	*သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*				
	ကိုယ်ပိုင် လုပ်ငန်း			၁၀	အင်ဖက်ကောက်ယူခြင်း
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း			၃	ပန်းဘဲဖို ၁ + အင်ဖက်ပစ်ခြင်း ၂
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	*လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	*ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊			၂	လက်သမား၊ ပန်းရံ
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	*ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၉	*ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*				
	ကိုယ်ပိုင် လုပ်ငန်း			၄	စက်ချုပ် ၂၊ ဆံပင်ညှပ် ၂
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	လက်လီ-လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း			၇	အိမ်ဆိုင် ၆ +

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		တွဲဖက်အလုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
					ခေါင်းရွက်ဗျတ်ထိုး ၁
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂.၈%		လိုင်းကားမောင်း
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	*ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၆	*ပညာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	*ကျန်းမာရေး*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	မိသားစုဝင် လုပ်အား				
၁၈	*လူမှုရေး လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃၁	၄၃.၀%		ကျပန်း ၁၈ နိုင်ငံခြားဝင်ငွေဖြင့် ရပ်တည် ၁၃
	မိသားစုဝင် လုပ်အား				
၂၀	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၇၂	၁၀၀%	၃၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အိမ်ထောင်စု(၇၂)စုတည်ရှိပြီး (၁၃)စုမှာ နိုင်ငံခြားဝင်ငွေဖြင့် အဓိကရပ်တည်နေကြသူများ ဖြစ်ပါ သည်။

(၁.၃) သဘာဝ အရင်းအမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၁၅	သင့်		ဓမ္မသပ်ချောင်း
စိုက်ပျိုးရေး ဥယျာဉ်ခြံမြေ (ရော်ဘာ နှစ်ရှည်သီးနှံ)	+ ၁၂၈	ကောင်း		တွင်းရေ
အိမ်ခြံဝင်းစိုက်ခင်း				
ရွှေပြောင်းတောင်ယာ				

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
အခြား				
စုစုပေါင်း	**၃၄၃**			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ။ ရေရှိသည့်နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်မြေ(၂၁၅)ဧကရှိပြီးနယုန်လမှတပို့တွဲလထိစပါး စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေအား ဂျိုင်းမြစ် နှင့် ဓမ္မသပ်ချောင်းတို့မှ ရေစုပ်စက်များဖြင့် သွင်းယူကြပါသည်။ ရော်ဘာစိုက်ပျိုးဧက အများစုသည် မျိုးကောင်း/သန့်များ စိုက်ပျိုးကြပါသည်။

(၁.၃.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)		
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ)		
စသည့်		

အခြားသဘာဝအရင်းအမြစ်

တိရစ္ဆာန်မျိုးစိတ်များ	နည်း	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	ခက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

(၁.၄) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်(၁၅)ဧကအထက်၊ ခြံ (၅)ဧကအထက်	လယ် (၅-၁၅) ဧကကြား၊ ခြံ (၅)ဧကအောက်	လယ် (၂)ဧကအောက်	ပိုင်ဆိုင်မှုမရှိ
အိမ်အခြေအနေ	ပျဉ်ထောင်၊ သွပ်မိုး၊ တိုက်ခံလိုင်းကား၊ ထော	ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး	ဖက်ကာ၊ ဖက်မိုး၊ ပျဉ်ခင်း	ဖက်မိုး၊ ဖက်ကာ၊ ဝါးတိုင်၊ ဝါးခင်း
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လာကျီ၊ မြက်ဖြတ်စက်၊ ထယ်/ထွန်၊ ရေစုပ်စက်ကား၊	ရေစုပ်စက်၊ မြက်ဖြတ်စက်	ပေါက်တူး၊ မြက်ခုတ်ဓား	ပေါက်တူး၊ မြက်ခုတ်ဓား
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်(၁၀)သိန်းကျော်တန်	ဆိုင်ကယ်၊ စက်ဘီး	စက်ဘီး	မရှိ
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	လယ်၊ ခြံ၊ နိုင်ငံခြားဝင်ငွေနွား(၂)ကောင်	လယ်၊ ခြံ၊ နိုင်ငံခြားဝင်ငွေနွား(၂)ကောင်	လယ်၊ ကျပန်း	ကျပန်း
အခြားပိုင်ဆိုင်မှု	အထက်၊ တီဗွီ၊ အောက်စက်၊	ဝက်၊ ဆိတ်၊ တီဗွီ၊ အောက်စက်	ခေါက်တီဗွီ၊ ဝက်	
စုစုပေါင်း	**၁၈ (၂၅%)**	**၂၄ (၃၃%)**	**၂၅ (၃၅%)**	**၅ (၇%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၆	၂၀%	အကြွေးယူ၊တန်ဖိုးနည်းသောဟင်းဖြင့်စား၊ ဆွေမျိုးများထံမှအကူအညီယူ
၃ လနှင့် ၅ လအထိ	၄	၁၃%	အကြွေးယူ၊တန်ဖိုးနည်းသောဟင်းဖြင့်စား၊ ဆွေမျိုးများထံမှအကူအညီယူ
၆လမှ၁၂လအထိ	၂၀	၆၇%	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

(၁.၅.၂) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ		၂	၂
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	-	-	-
			အိမ်ထောင်စု အရေအတွက်	
အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	-		
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	-		
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။အသက်(၆၀)နှစ်အထက်ရှိ အဘွား(၂)ဦးမှာ သားသမီးများရှိသော်လည်း ၎င်းသားသမီးများမှာ စီးပွားရေးအဆင်မပြေခြင်း၊ အဝေးရောက်ရှိနေကြခြင်းတို့ကြောင့် ပတ်ဝန်းကျင်စောင့်ရှောက်မှုဖြင့် နေကြရသူများဖြစ်ပါသည်။ မွေးရာပါမသန်စွမ်းသူ(ပိုလီယို) (၂) ဦးရှိပြီး လေဖြတ်ရောဂါခံစားနေရသူ ၂ ဦး ရှိပါသည်။ ၎င်းတို့မှာ မိသားစုများဖြင့်အတူနေထိုင်ကြကာစောင့်ရှောက်မှုအပြည့်ဝရရှိထားသူများ ဖြစ်ပါသည်။

(၁.၅.၃) ကျေးရွာရှိ ထိခိုက်လွယ်မှု ဖြစ်နိုင်သည့် လူဦးရေ

ဇယား (၈) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (နှိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	မြေယာမဲ့၊ ကျပန်းနှင့် ဆင်းရဲသားတောင်သူများကြို့ တွေ့နိုင်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ...)	လတ်	နှစ်စဉ်အိမ်ထောင်စုဦးရေ တိုးလာပြီး စိုက်ပျိုးမြေမှာထပ်မံတိုးချဲ့၍မရဘဲလျော့ကျလာပါသည်။
၃	ရေကြီးခြင်း	မြင့်	နှစ်စဉ်မြစ်ရေကြီးခြင်းကြောင့် ကျေးရွာရှိ အိမ်ထောင်စုများသည် စားနပ်ရိက္ခာခက်ခဲမှုများနှင့်ကြို့တွေ့ရပါသည်။ ထို့ပြင် စပါးခင်းများ ဆုံးရှုံးကြသည်။
၄	မိုးခေါင်ခြင်း	မြင့်	မိုးနှောင်းခေါင်ခြင်းကြောင့် စိုက်ပျိုးတောင်သူများစပါးသီးနှံဆုံးရှုံးခြင်း၊မြေယာမဲ့များအလုပ်အကိုင်မရရှိခြင်း။

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၅	မုန်တိုင်း	နိမ့်	တခါတရံမှသာကြုံတွေ့နိုင်။
၆	ငလျင်	နိမ့်	ဖြစ်နိုင်ခြေနှင့် အန္တရာယ်ဖြစ် ကို ကြိုတင်မခန့်မှန်းနိုင်
၇	မီးဘေး	နိမ့်	
၈	ဆားငံရေဝင်မြေ	-	
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	
၁၀	သစ်တောပြုန်းတီးခြင်း	လတ်	သစ်တောမြေများတွင် ရာဘာခြံများ စိုက်ပျိုးလာခြင်း
၁၁	ငှက်ဖျားရောဂါ	နိမ့်	ဖြစ်ပွားမှုအနည်းငယ်သာရှိခြင်း၊ ဖြစ်ပွားပါက ထိရောက်သော ဆေးကုသမှုများခံယူခြင်း။
၁၂	တီဘီရောဂါ	နိမ့်	ဖြစ်ပွားမှုအနည်းငယ်သာရှိခြင်း၊ ဖြစ်ပွားပါက ထိရောက်သော ဆေးကုသမှုများခံယူခြင်း။
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်	လူငယ်/လတ်ပိုင်းအများစုသည် နိုင်ငံခြားသို့သွား ရောက်လုပ်ကိုင်ခြင်းကြောင့် ကူးစက်ခံရနိုင်မှု များ ခြင်း
၁၄	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	-	-
၁၅	လူကုန်ကူးခြင်း	နည်း	နိုင်ငံခြားသို့သွားရောက် လုပ်ကိုင်သူများသည် မိဘ၊ဆွေမျိုး၊ညီအစ်ကိုမောင်နှမများနှင့် စုပေါင်း လုပ်ကိုင်နေထိုင်ခြင်းကြောင့် အန္တရာယ်ကြုံတွေ့နိုင်ခြေနည်း
၁၆	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	နိမ့်	
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	ထိခိုက်လွယ်သည့်အုပ်စု	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	လူငယ်/လတ်ပိုင်းအများစုသည် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ခြင်းကြောင့် ကူးစက် ခံရနိုင်မှုများရှိကြပါသည်။ ထို့ပြင် မူးယစ်ဆေးများလက်လှမ်းမှီနေခြင်းကြောင့်အလွယ်တကူသုံးစွဲနိုင်ခြင်း။
၂	အမျိုးသမီးဦးဆောင်သည့်	မြင့်	စားနပ်ရိက္ခာမဖူလုံမှုနှင့် ကျန်းမာရေး

စဉ်	ထိခိုက်လွယ်သည့်အုပ်စု	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	ဆင်းရဲသည့်အိမ်ထောင်စု		စောင့်ရှောက်မှု မလုံလောက်ခြင်း
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ချိန်၊ သီးနှံများဖျက်ပိုး ရောဂါများကျရောက်ခြင်း၊ ဈေးကွက်မတည်ငြိမ်မှုများ ဖြစ် ပေါ်ခြင်းနှင့် ကြုံတွေ့ရနိုင်။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ	မြင့်	ဂျုံငြိမ်ကမ်းဘေးများတွင် စိုက်ပျိုးမြေများတည်ရှိ သောကြောင့် မြစ်ရေကြီးချိန်တွင် သီးနှံဆုံးရှုံး မှုများနှင့်ကြုံတွေ့ရနိုင်။
၅	မြစ်ကမ်းဘေးနေလူထု	နိမ့်	
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		
၉	ငါးကန်ပိုင်ရှင်		
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	စားနပ်ရိက္ခာမဖူလုံမှုနှင့် ကြုံတွေ့ရနိုင်
၁၁	လူနည်းစုလူမျိုးများ		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ		
၁၃	နယ်စပ်ဒေသ		
၁၄	ရွှေတွင်းလုပ်သား		
၁၅	ဆေးစွဲသူများ		
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော ာသူများ	မြင့်	လူငယ်/လတ်ပိုင်းအများစုသည် နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်ခြင်းကြောင့် ကြုံတွေ့ရ နိုင်။
၁၇	လှည့်လည်သွားလာ၍ဈေးေ ောင်းသူများ	နိမ့်	
၁၈	ရွှေ့ပြောင်းလုပ်သားများ	မြင့်	ကူးစက်ရောဂါများ၊ မူးယစ်ဆေးသုံးစွဲမှုများကြောင့် လူမှုရေး၊ စီးပွားရေးများဆုံးရှုံးနိုင်။
၁၉	ကားသမား	နိမ့်	
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

၂။ ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့ စည်းသူ များ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အသက်မွေးဝမ်း ကျောင်းကော်မ တီ	၁	၄	၃	၇	အသက်မွေးဝမ်း ကျောင်းကဏ္ဍ	၅	၇
၂	မိဘဆရာအသင်း	၂	၂	၃	၅	ပညာရေးကဏ္ဍ	၄	၇
၃	ကျောင်းအကျိုး တော် ဆောင်	၂	၇	၆	၁၃	ပညာရေးကဏ္ဍ	၄	၇
၄	ပရဟိတအဖွဲ့	၂	၃	၂	၅	လူမှုရေးကဏ္ဍ	၄	၇
၅	လမ်းဖြစ်မြောက် ရေး ကော်မတီ	၂	၁၀		၁၀	လမ်း/တံတား	၄	၇
၆	မီးသတ်တပ်ဖွဲ့	၂	၁၀		၁၀	သဘာဝဘေး အန္တရယ်	၅	၇
၇	မီးလင်းရေး ကော်မတီ	၂	၅		၅	မီးလင်းရေး	၅	၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ
(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၂) စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၀	၄၂%	မြေယာမဲ့များ
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၄	၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ဧကထိ(၂ ဟတ်တာထိ)	၁၄	၁၉%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၁၇	၂၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၇	၁၀%	တောင်သူကြီး:
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၇၂**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကိုဖော်ပြပါသည်။ မြေပိုင်ဆိုင်သူများ၏ ၄၃%သည်

၅ဧကအောက်ပိုင်ဆိုင်ကြ၍ ဆင်းရဲ သောသူများနှင့် အသင့်အတင့်အဆင်ပြေသောမိသားစုများဖြစ်ပြီး ၅၇%သည် ၅ဧကအထက်ပိုင်ဆိုင်ကြသော အလယ်အလတ်နှင့်ချမ်းသာသော တောင်သူများ ဖြစ်ကြပါသည်။ တစ်ဦးတည်းပိုင် စိုက်ပျိုးမြေဧက(၃၀)ဧကထိ အများဆုံးပိုင်ဆိုင်ပါသည်။ မြေဧကအနေဖြင့် ထပ်မံတိုးချဲ့စိုက်ပျိုး၍မရတော့ပါ။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်			
၂	ရေလွှဲဆည်			
၃	မြစ်ရေတင်စီမံကိန်း			
၄	ဆည်မြောင်း			
၅	အဝီစိတွင်း			
၆	လက်ဝင် ရေတွင်း			
၇	စိမ့်စမ်းရေ			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၆-၁၈ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

(၂.၂.၁.၃) အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			စိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၂၁၅	တင်း	၂၀	၄၀	၃၀	ဝါဆိုလမှ သီတင်းကျွတ်လထိ	လတ်	နိမ့်	
ရော်ဘာ	၁၀၀	ပေါင်	၆၀၀	၈၀၀	၇၀၀	နှစ်ရှည်	မြင့်	လတ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စပါးနှင့်ရော်ဘာစိုက်ပျိုးမှုကိုအဓိကထားလုပ်ကိုင်ကြပါသည်။ စပါးတွင် မနှောသုခ၊ ဆင်းသုခနှင့်ရန်ကုန်မျိုးအား အဓိကစိုက်ပျိုးပါသည်။ ရေရရှိမှုပေါ်မူတည်၍ စပါးကိုစိုက်ချိန် (၃)ကြိမ်ခွဲ၍ စိုက်ပျိုးကြပါသည်။ လက်ရှိတွင်ပျမ်းမျှ တင်း၂၀မှ ၄၀တင်းထိ ထွက်ရှိပါသည်။ မြေဆီသြဇာ အသင့်တင့်ရှိသော မြေဆီလွှာ ဖြစ်ပါသည်။

ရော်ဘာစိုက်ကွက်များတွင် ဒေသမျိုးနှင့် မျိုးကောင်း/သန့်များအား စိုက်ပျိုးကြ ပါသည်။ အထွက်နှုန်းမှာ တစ်ဧကစိုက်ခင်းအတွက် တစ်နေ့လျှင် ၇/၈ပေါင်အစေး ထွက်ရှိပါသည်။ မျိုးကောင်းမျိုးသန့်စိုက်ကွက်များ၏အထွက်နှုန်းမှာ တစ်ဧကစိုက်ခင်းအတွက် တစ်နေ့လျှင် (၂၀မှ၃၀)ပေါင် ထွက်ရှိပါသည်။ ရာဘာစျေးနှုန်းမှာ ကျဆင်းလျှက် ရှိပါသည်။

(၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင် ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်			
ရိတ်သိမ်းစက်			
လက်တွန်းထွန် စက်			
ခြွေလှေ့စက်			
ရေစုပ်စက်	၁		လယ်နှင့်ရော်ဘာခြံရေသွင်းခြင်းလုပ်ငန်းများတွင် တစ်နာရီလျှင် (၁၀၀၀) ကျပ်ဖြင့် ငှားရမ်းခြင်းများ ပြုလုပ်ပါသည်။(တောင်သူမှဆီဖိုးထည့်ဝင်ရသည်)
ခြေနင်းရေတင် စက်			
မျိုးစေ့ချစက်			
မြက်ရိတ်စက်	၃		တစ်နေ့လျှင်(၁၂၀၀၀)ကျပ်ဖြင့်ရော်ဘာခြံများတွင် မြက်ရှင်းခြင်းလုပ်ငန်း၌ အသုံးပြုကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

(၂.၂.၁.၅) သီးနှံထုတ်လုပ်မှု တိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ (စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊သြဇာ)	ရှိ	စိုက်ပျိုးထားခြင်းမရှိသော လယ်မြေများရှိခြင်း၊ မြေဆီ သြဇာ အသင့်တင့်ရှိပါ သည်။
ရေအရင်းအမြစ်	ရှိ	စိုက်ပျိုးရေရရှိရေးဆောင်ရွက်ရန်ဓမ္မသပ်ချောင်းရှိခြင်း
သဘာဝမြေဆွေး၊ သြဂဲနစ်	မရှိ	နွားချေးအနည်းငယ် ရရှိနိုင်ပါသည်။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	လက်လှမ်းမမှီ၊ ၎င်းနှင့်ပက်သက်သော အသိပညာ၊ ဗဟုသုတ အားနည်းခြင်း။
ချေးငွေရရှိမှု	ရှိ	အသက်မွေးဝမ်း ကျောင်း ရန်ပုံငွေတည်ရှိခြင်း။
သွင်းအားစုဈေးကွက်	ရှိ	ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများအား ကျေးရွာနှင့် (၆.၄) ကီလိုမီတာအကွာရှိ တရနာစံပြကျေးရွာတွင် အကြွေး ဝယ်ယူ ရရှိနိုင် ပါ သည်။
ဝန်ဆောင်မှုဈေးကွက်	မရှိ	စိုက်ပျိုးရေးဆေးဆိုင်များမှမြေဩဇာ/ပိုးသတ်ဆေး သုံးစွဲ နည်းများ အနည်းငယ်သင်ပြပေးခြင်း၊ ရော်ဘာကိုင်းကူး/ ဆက်လုပ်ငန်းများအားအခြားကျေးရွာရှိ ကျွမ်းကျင်သူများ မှ လာရောက်ကူးယူပေး ခြင်း။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန် သွယ်မှု	ရှိ	ရော်ဘာပြားများအား ကျေးရွာသို့လာရောက်ဝယ်ယူခြင်း၊ တရနာကျေးရွာတွင် ထွက်ကုန်များအားရောင်းချနိုင်ခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ကျေးရွာတွင်လက်ရှိလယ်မြေ(၂၁၅)ဧကတွင် ၄ပုံ၃ပုံသည် လက်ရှိစိုက်ပျိုးအသုံးချနိုင်ပြီး ကျန် ၁ပုံသည် လယ်ပိုင်ရှင်များနိုင်ငံခြားသို့သွားရောက်ခြင်းကြောင့် စိုက်ပျိုးနိုင်မှုမရှိသော လယ်မြေများဖြစ်ပါသည်။
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	အသက်မွေးဝမ်းကျောင်းရန်ပုံငွေအားနည်းနေခြင်း၊လိုအပ်သောအချိန်တွင် လိုအပ်သောငွေပမာဏအား ချေးယူ၍မရရှိခြင်း။
သွင်းအားစုတတ်နိုင်မှု	ရှိ	သဘာဝမြေဩဇာများ ဝယ်ယူမရရှိခြင်း၊ အလုပ်သမားများရှားပါးခြင်း/ လိုအပ်သောအချိန်တွင် ခေါ်ယူမရရှိနိုင် ခြင်း၊ မျိုးကောင်း/ သန့်စပါးများမထုတ်လုပ်နိုင်ခြင်း/ ဝယ်ယူရန် လက်လှမ်းမမှီခြင်း/။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	ရော်ဘာစိုက်ခင်းများတွင် အစေးခြစ်ကျွမ်းကျင်သူများ မရှိခြင်း/ ငှား၍ မရခြင်း။ အများစုမှာနိုင်ငံခြားသို့သွားရောက်ကြပါသည်။ လယ်၊ ခြံလုပ်ငန်းများ တွင်လုပ်ဆောင်ရန်အတွက် လုပ်အားခ ပို ဆောင်းပေး၍ ကြိုတင်ငှားရခြင်း၊ အခြားနယ်များမှအလုပ်သမားများခေါ်ယူ အသုံးပြုရခြင်း။ ကောက်စိုက်၊ စပါးရိတ်လုပ်သားခေါ်ရန်ခက်ခဲခြင်း
ဆည်မြောင်းရေရရှိမှု	ရှိ	ဂျိုင်းမြစ်နှင့်ဆက်နေသော ဓမ္မသပ်ချောင်းခွဲသို့ စီးဆင်းလာသော ရိုးချောင်းမှာကောနေခြင်းကြောင့် ရေဆွဲအားမကောင်းဘဲ နှစ်စဉ် ရေလွှမ်းမိုးခြင်း၊ စပါးအောင်ရေလုံလောက်စွာမရရှိခြင်း၊ ရေထိန်းတံခါးမရှိခြင်းကြောင့် လိုအပ်သောအချိန်ရေသွင်း၍ မရရှိခြင်း
မိုးရေမလုံလောက်မှု	ရှိ	နှစ်စဉ်မိုးစပါး(သို့)ကောက်စောစိုက်ပျိုးမှုတွင်အောင်ရေသွင်းချိန်၌ နောက် မိုးမရရှိခြင်း။
စိုက်ပျိုးရေးသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	အရင်းနှီးမလုံလောက်ခြင်းကြောင့် အချိန်မီ ဝယ်ယူအသုံးမပြုနိုင်
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ကြွက်များဆိုးရွားစွာကျရောက်ခြင်း။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	ရှိ	ထိရောက်သောနည်းပညာဝန်ဆောင်မှုများမရရှိခြင်း
ဈေးကွက်လက်လှမ်းမှီမှု	မရှိ	
အစိုးရမူဝါဒနှင့် အစီအစဉ်		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁–၃ ရက်၊ ၁၀ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ တောင်သူအများစုသည် မျိုးကောင်းမျိုးသန့်များကို ရရှိနိုင်သော်လည်း ဒေသမျိုးကိုသာ အသုံးပြုကြပါသည်။ စပါးစိုက်ခင်းများတွင် ကြွက်နှင့် ပိုးမွှားများကျရောက်သော်လည်းပိုးသတ်ဆေးကို စနစ်တကျမသုံးစွဲနိုင်ကြပါ။ ကျေးရွာ၌ နွားမွေးမြူမှုအနည်းငယ်သာရှိခြင်းကြောင့် နွားချေးအနည်းငယ်သာ အသုံးပြုနိုင် ပါသည်။

ကျေးရွာရှိလယ်မြေများအား ဂျိုင်းမြစ်၊ ငှင်းမြစ်နှင့်ဆက်သွယ်ထားသော ဓမ္မသပ် ချောင်းခွဲယင်းမှတဆင့်ရိုးချောင်းမှရေကို စိုက်ပျိုးရေအဖြစ်သွယ်ယူကြပါသည်။ ယခုအခါ ဓမ္မသပ်ချောင်းခွဲမှာ

ကောနေခြင်းကြောင့် ရေသွင်းရေထုတ်ခက်ခဲပြီး ရေလိုအပ်ချိန်တွင် ရေမရဘဲ မလိုအပ်ချိန်တွင် ရေထုတ်ရန် အချိန်ကြာပါသည်။ ဓမ္မသပ်ချောင်းခွဲ ရေတူးဖော်ပါက ရေဆွဲအား ကောင်းနိုင်မည်ဖြစ်သည့်အတွက် ရေနစ်မြုပ်နေသော လယ်ကွက်များတွင်စပါးများ အချိန်မှီ စိုက်ပျိုးနိုင်မည့်အပြင် အောင်ရေသွင်းချိန်တွင် လုံလောက်စွာ သွင်းယူနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နွေစပါးစိုက်ပျိုးမှုများ လည်းလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

ထွက်ရှိလာသောစပါးများကို ရောင်းချရာတွင် အရည်အသွေး ညံ့ဖျင်းခြင်းကြောင့် ပုံမှန်ဈေးထက် လျှော့နည်းပြီး ဝယ်ယူခြင်းကြောင့် ဝင်ငွေရရှိမှု နည်းပါးသဖြင့် လယ်မြေများအား စွန့်ခွာ၍ နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ကြမှုများ ရှိလာပါသည်။ ကျေးရွာရှိ လူငယ်/လတ်ပိုင်း အများစုသည် နိုင်ငံခြားသို့သွားရောက် လုပ်ကိုင်ခြင်းကြောင့် လယ်ယာ လုပ်သားရှားပါးခြင်း၊ ဈေးကြီးခြင်း၊ စိုက်ပျိုးချိန်နောက်ကျခြင်းတို့ ဖြစ်ပေါ်စေပါသည်။

ရော်ဘာစိုက်ပျိုးသူများမှာ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ ရာဘာဈေးနှုန်းကျ ဆင်းခြင်းကြောင့် ရော်ဘာအစေးမခြစ်ကြပါ။

နိုင်ငံတော်အစိုးရအနေဖြင့် အရည်သွေးပြည့်မှီသော ဆန်စပါးထုတ်လုပ်နိုင်ရန် အတွက် နည်းပညာများပံ့ပိုးပေးခြင်း၊ ဆန်ကုန်သည်ကြီးများအသင်းနှင့်ချိတ်ဆက်ပေးခြင်း၊ လက်မှုလယ်ယာမှသည် စက်မှုလယ်ယာသို့ ပြောင်းလဲလုပ်ကိုင်ခြင်းဖြင့် ခိုင်မာသည့်ဈေးကွက်များ တည်ဆောက်လာနိုင်မည့်အပြင် အမြတ်ရရှိမှုနှုန်းမြင့်မားလာမ ည်ဖြစ်ပါသည်။ ထို့အပြင်ရာဘာ ဈေးကွက်နှင့် ရာဘာအခြေပြုကုန်ချောထုတ်လုပ်မှုများ ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အရေးကြီးပါသည်။

(၂.၂.၂) မွေးမြူရေး လုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၃၃	(၁၀၅)ကောင်မွေးမြူထားပါသည်။ လယ်မြေထွန်ယက်ခြင်း၊ စပါးနှယ်ခြင်းများနှင့် ပျိုးခင်းများတွင် နွားချေးထည့်ရန်အတွက် အဓိကမွေးမြူပါသည်။ အချို့မှာ နွားကုန်ကူးသော သူများထံတွင် ရောင်းချသည်။
မြင်းကျွဲမြည်းလား		
ဆိတ်	၃	(၄၇)ကောင်မွေးမြူထားပါသည်။
သိုး		
ဝက်	၈	(၂၁)ကောင်မွေးမြူထားပါသည်။
ကြက်	၂၁	(၂၅၀)ကောင်မွေးမြူထားပါသည်။
ဘဲ	၁	(၆)ကောင်မွေးမြူထားပါသည်။
အခြား		

မွေးမြူရေးနှင့်ငါး လုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
ငါးလုပ်ငန်း		
ငါးကန်	၁	မိမိလယ်တွင်တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ရန်အတွက်တူးဖော် ထားသောကန်ဖြစ်ပါသည်။
ပုဇွန်ကန်		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		
ဂဏာန်းမွေးမြူရေးလုပ်ငန်း		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၃ ရက်၊ ၁၈ လ၊ ၂၀၁၅ နှစ်)

(၂.၂.၂.၂)မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	ကျေးရွာပိုင်စားကျက်မြေမရှိပါ။ နွားနှင်ဆိတ်များအား လယ်ကွင်း၊ ရော်ဘာခြံများတွင် လွှတ်ကျောင်းကြပါသည်။
ရေရရှိမှု	တွင်းရေ၊ ချောင်းရေ
တိရစ္ဆာန်မျိုး	ဆိတ်၊ ဝက်၊ ကြက်နှင့် ဘဲ ဒေသမျိုးများကိုအလွယ်တကူဝယ်ယူနိုင်ကြသည်။
ချေးငွေ	ကျေးရွာတွင်းရှိ အဖွဲ့အစည်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူရရှိနိုင်ခြင်း။
သွင်းအားစုဈေးကွက်	တရနာကျေးရွာတွင် လိုအပ်သောအစာများဝယ်ယူနိုင်ခြင်း၊ နွားစာအတွက် လယ်များတွင် စပါးနှယ်ခြင်းနှင့်ကောက်ရိုးအား လဲလှယ်နိုင်ခြင်း (သို့မဟုတ်) လယ်ပိုင်ရှင်များထံတွင်ဝယ်ယူနိုင်ခြင်း၊ ခြံကွက်များအားငှားရမ်း၍နွားကျောင်းရခြင်း ဒေသမျိုးများအလွယ်တကူဝယ်ယူနိုင်ခြင်း။
ဝန်ဆောင်မှုဈေးကွက်	မရှိ
ထုတ်ကုန်ရောင်းဝယ်မှု	ကြက်များအား ၅ရက်တစ်ကြိမ်ရောင်းချနိုင်ခြင်း။ ဝက်၊ ဆိတ်များအား ပတ်ဝန်းကျင်ဒေသများမှ သာရေး၊ နာရေးအတွက် ဝယ်ယူခြင်း၊ နွားမှောင်ခိုဈေးကွက်ရှိခြင်း။
အိမ်ခြံဝင်းအတွင်းမြေေရာရှိမှု	အိမ်ခြံဝန်းများကျယ်ဝန်းခြင်း။ တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ဆောင်နိုင်ခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၃ ရက်၊ ၁၈ လ၊ ၂၀၁၅ နှစ်)

(၂.၂.၂.၃) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲ စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	လိုအပ်သောအချိန်နှင့် လုံလောက်သောချေးငွေထုတ်ချေးခြင်း
ကူးစက်ရောဂါဖြစ်ပွားမှု	နှစ်စဉ်ဝက်များတွင် လည်ပိတ်၊ နားရွက်ပြာ၊ ဝက်ဝမ်းကျ ရောဂါများ ကျရောက်ခြင်း၊ ကြက်နာကျရောက်ခြင်းများကြုံတွေ့ရပါသည်။ နွားနှင့် ဆိတ်တွင်ခွာနာလျှာနာနှင့်အခြားကူးစက်ရောဂါများကျရောက်ပါသည်။
သွင်းအားစုဈေးကွက်	နွားစာကောက်ရိုးအား လှည်းတစ်စီးလျှင်(၅၀၀၀)ကျပ် ပေးဝယ်ရခြင်း။ မျိုးကောင်း/သန့်များမွေးမြူလိုကြသော်လည်းဝယ်ယူရရှိနိုင် မည့် နေရာများနှင့် မချိတ်ဆက်နိုင်ခြင်း/မသိရှိခြင်း။
ဝန်ဆောင်မှုဈေးကွက်	မရှိ
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	ဝက်၊ ဆိတ်များအား သာရေး/နာရေးစသည့်အလှူပွဲများရှိမှသာ ရောင်းချနိုင်ခြင်း၊ အချိန်မရွေးထုတ်ရောင်းနိုင်သည့် ဈေးကွက်မရှိခြင်း။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက်လိုင်စင်လက်လှမ်းမှီမှု	တိရစ္ဆာန်မွေ့မြူရေးနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ တိမွေး/ကု ဦးစီးဌာန နှင့်ဆက်သွယ်ဆောင်ရွက်မှုအားနည်းခြင်း။
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	
အရင်းအနှီးလက်လှမ်းမှီမှု အခြား	

